ဆူးငှက်

# လက်ရွေးစင်ဝတ္ထုတိုများ

# ကံမကြုံ အကြံကုန်

သည် တစ်ခါတော့ ဆုံးဖြတ်မှ ဖြစ်တော့မယ်။ ဟုတ်တယ်။ သည် ပုံ အတိုင်းဆက်သွားလို့ မ ဖြစ်တော့ဘူး။ စရိတ်တွေက သိပ်တက် လာပြီ။ ဒီစရိတ်ကို အမီလိုက်ဖို့ ဆိုတာက တော်ရုံတန်ရုံဝင် ငွေနဲ့ မဖြစ်တော့ဘူး ။ အခုငွေက မတ်တတ်စာတော့ရှိပါရဲ့ ၊ တုံးလုံးစာဆိုတာ ဝေလာဝေး။

ပင်ကိုစရိုက်က ခပ်အေးအေး နေချင်တာပါ။ ကိုယ့်မိသားစု လေး ယောက်တောင် ရှုပ်လှပြီ လို့ ထင်နေတဲ့ သူ မဟုတ်လား။ အခုမှ နဖူး တွေ့၊ ဒူးတွေ့တွေ့သူတွေနဲ့ နှစ်ချီပြီး အတူနေဖို့ ဆိုတာ တော့ မစဉ်းစား ခဲ့ရိုးအမှန်။ ကိုယ့်မိသားစု ကိုယ့်အိမ်အနေအထားကြည့်ပြီး တဒီးဒီး လာ စပ်ကြပါ တယ်။ အကုန်လုံးကို ဆလံသ လွှတ်လိုက်တာချည်းပါ။

ခင်ဗျားသိတဲ့ အတိုင်းပါပဲ။ ကိုယ့်အိမ်က အကျယ်ကြီးပဲ။ ကိုယ့်မိ သားစုလေးယောက်က အ ပေါ်ထပ်တင် ကျွမ်းပစ်နေလို့ ရတယ်။ အော က်ထပ် တစ်ထပ်လုံး အားနေတာပဲ။ ကိုယ့်အိမ် အနေ အထားကလည်း ဈေးခေါ်ကောင်းတဲ့ အနေအထားပဲ။ ဒါပေမဲ့ တော်ပြီ။ ကိုယ့်စာအုပ်ဆိုင် လေးနဲ့ ပဲ လူတန်းစေ့နေပြီ။ တော်ပြီ။ ဒါက လွန်ခဲ့တဲ့ သုံးလေးနှစ် အခြေအနေ၊ သုံးလေးနှစ် အတွေးကိုး။

အင်း. . .အခုတော့ စာအုပ်ဆိုင်ကလေးက တယ်ပြီး လူတန်းစေ့အော င် မပေးနိုင်တော့ဘူး။ တက်လာတဲ့ စရိတ်တွေကြောင့် စာအုပ်ဆိုင်ဝင် ငွေဟာ စာအုပ်အသစ်ကို ပုံမှန်ဝယ်နိုင်ဖို့ အင်အားမ ရှိတော့ဘူး။ အသစ် မဝယ်နိုင်တော့ အငှားမလိုက်၊ အငှားမလိုက်လို့ အသစ်မဝယ်နိုင်နဲ့

လုံးချာလိုက် နေတာကြာပြီပဲ။ ဒီဒဏ်ကို တင်းခံကြည့်တယ်။ အင်း. . . ရေရှည်တင်းနိုင်၊ တောင့်နိုင်ဖို့ မလွယ်လှ ဘူး။ လက်အံသေနေပြီ။ တစ်ခုခုအမှီရှာမှ ဆက်ရပ်တည်နိုင်တော့မယ့်ကိန်း။

ကိုယ့်အားနာပုံမျိုး၊ နှုတ်နည်းပုံမျိုးနဲ့ အရောင်းအဝယ်လုပ်လို့ လည်း မဖြစ်။ အပေါင်းအသင်း မဆံ့ပုံမျိုး၊ မျက်နှာပြောင် မတိုက်ရဲပုံမျိုးနဲ့ ကန်ထရိုက်လုပ်လို့ လည်း မဖြစ်။ ကိုင်း. . .ဒီတော့ စိတ်အ ကျဉ်းအကျပ် ကျချင်ကျပစေ၊ အနေအထိုင် ကျုံ့ချင်ကျုံ့ပစေ၊ ဒီတစ်လမ်းပဲရှိတော့ ဆုံးဖြတ်လိုက် တယ်။

မနေ့က မာရဘင် ဝင်းထဲက ဇော်ဇော် စာအုပ်ငှားရင်းပြောကတည်းက ခေါင်းညိတ်မိလိုက် တယ်။

"အိုကေ. . .ငှားမယ်၊ မင်းလူတွေ ခေါ်ခဲ့တော့" ပေါ့။

***

"အဲဒီ လိုနဲ့ သမီးတို့ လည်း ပညာသင်ကတည်းက သူ့ဆိုင်မှာ ပါပဲ။ သမီးတို့ က နယ်က လာပြီး ပညာသင်ရတာ ဆိုတော့ ပညာကိုပဲ ဂရုတစိုက် လေးလေးစားစား သင်ကြတာပါ။ ဒါကြောင့်လည်း သူ့အနေနဲ့ နောက်ပိုင်းဆို ဆိုင်ကို မျက်နှာလွှဲရတော့တာပေ့ါ။ သမီးတို့ ဦးစီးပြီး သုံးနှစ်လောက် လုပ် ကျွေးပြီးပါပြီ။ ဒါပေမဲ့ ကိုယ့်ဘဝရှေ့ရေးက ရှိသေးတယ် မဟုတ်လား။ ပြီးတော့ ရန်ကုန်မှာ လည်း တစ်သက်လုံး မနေနိုင်ဘူးလေ။ ဒါကြောင့် စုဆောင်းထားတာလေးထုခွဲ၊ မိဘဆွေမျိုး အထောက်အ ပံ့ ယူသင့်တာယူပြီး မန္တလေးမှာ ပဲ ကိုယ်ပိုင်ဆိုင်လေး စထောင်တဲ့ အနေအထားပါ"

ကိုယ့်ရှေ့မှာ ထိုင်နေတဲ့ ကလေးမလေးက ဇာတ်စုံခင်းပြနေတယ်။ သူတို့ ဇာတိက မုံရွာနယ် ကဖြစ်ပုံတွေ၊ အဒေါ်တစ်ယောက် အထောက် အပံ့နဲ့ ရန်ကုန်မှာ မိတ်ကပ်ဆံပင် အလှပြင် သင်ပုံ တွေ၊ သူတို့ သင်တဲ့ ဆိုင်မှာ ပဲ အလုပ်ဆက်လုပ်ကြပုံတွေ အစချီပြီးတော့ အခု မန္တလေးမှာ ဆိုင်ခွဲဖွင့် မှာ တွေ အထိပေ့ါ။ ကလေးမက သွက်သွက်လက်လက်လေးပဲ ။ အရွယ်ကလည်း ဘာရှိဦးမှာ လဲ၊ အ စိတ် အလွန်ဆုံးပေ့ါ။ ထုံးစံအတိုင်း ခေတ်အပြင်အဆင်ကိုတော့ အမီလိုက်ထားတဲ့ ပုံစံမျိုး။ ဒါ ပေမဲ့ တယ်မကလက်လှဘူး။ သူ့ဘေးမှာ ထိုင်နေတဲ့ ကလေးမကတော့ သူ့ထက်ငယ်တယ်။ သူတို့ အပြော အရဆိုရင် ညီမဖြစ်မယ်။ အဲ. . .သူက တော့ စကားတစ်ခွန်းမှ ဝင်မပြောပေမဲ့ အကြီးမထက်ပိုပြီး ရဲ တင်းဖျတ် လတ်ပုံမျိုး။ အကြီးမက ဆက်တီမှာ ခပ်ကျုံ့ကျုံ့နဲ့ ထဘီလေးကို ဒူးအော က်ဆွဲကာ၊ ဆွဲ ကာထိုင်ရင်း စကားတွေ တတွတ်တွတ်ပြောနေပေမဲ့ သူမ ကတော့ ဆက်တီပေါ်မှာ ဘယ်ဘက်ဒူး ပေါ် ညာဘက် ပေါင်တင်ပြီး ခပ်ကြော့ကြော့လေး ထိုင်နေတယ်။ ခပ်တိုတိုဝတ်ထားတဲ့ ထဘီက သူ့ ဒူးလုံးလုံးလေးကို အနိုင်နိုင် ဖုံးထားရတာ ပေ့ါ။

ပြီးတော့ ဆက်တီနောက်မှီပေါ် ဘယ်ဘက်လက်ကို တင်လို့ ။ နဖူး ပေါ်ဝဲဝဲကျလာတဲ့ ရှေ့ဆံ ပင်တွေကို ခေါင်းလေးဆတ်ကာဆတ်ကာဖယ် ရင်း အိမ်ရဲ့ အနေအထားကို မျက်လုံးကစားနေ တယ်။ တစ်ခါတစ်ခါ သူ့ အစ်မပြောတဲ့ စကား တစ်ခွန်းတလေအပေါ် အသိအမှတ်ပြု အတည်ပြု တဲ့ သဘောမျိုး ခေါင်းလေးညိတ်တတ်ရဲ့ ။

အလုပ်လုပ်မှာ တော့ သူတို့ ညီအစ်မ နှစ်ယောက်ပေ့ါလေ။ အအုပ်အ ထိန်းနဲ့ အဖော်အဖြစ် နယ်က ဘွားအေကြီးကို ခေါ်ထားတာတဲ့ ။ အတူပါလာတဲ့ ဘွားအေကြီးကတော့ ဘာမှ ဝင်မပြောရှာ ဘူး။ တစ်ချိန် လုံး ဆေးလိပ်ပဲ ဖွာနေတာပါပဲ။ ဟုတ်တယ်လေ။ တောက ဘွားအေကြီး

တစ် ယောက်အနေနဲ့ ခေတ်လူငယ်တွေရဲ့ ခေတ်ကိစ္စ ဘာသိမှာ မှတ်လို့ ။

ဒီတော့ သူတို့ ညီအစ်မ နှစ်ယောက်ရယ်၊ ဘွားအေကြီးရယ်၊ အကူ ထမင်းချက် တစ် ယောက်ရယ် ပေါင်း (၄)ယောက်နေပြီး အလှပြင်၊ ဆံပ င်ညှပ်ကောက်ဆိုင်ဖွင့်ဖို့ ကိုယ့်အိမ်အောက် ထပ်ကို ငှားကြတယ်ဆိုပါ တော့။ မန္တလေးအနေအထား၊ မန္တလေး အတိုင်းအတာနဲ့ ဆိုတော့ အိမ်ငှား ခတို့ စပေါ် ပမာဏတို့ ကို သူတို့ သဘောပေါက်ပြီးပုံရပါတယ်။ ပြောစရာရှိတာက ကိုယ့်အိမ် အောက်ထပ်ကို ဘယ်လို အသုံးချမှာ လဲ၊ ဘာတွေ သုံးခွင့်ပေးရမှာ လဲ၊ ဘယ်လို အထိန်းအကွပ်မျိုး ရှိရမှာ လဲ၊ ဘ ယ်လိုစည်းကမ်းတွေ အပေးအယူတွေ လုပ်ရပ့ါမလဲပေ့ါ။

ကိုယ့်ကိုစပ်ပေးတဲ့ ဇော်ဇော်ကလည်း ပွဲစားသာလုပ်တယ်၊ သူတို့ ကို အိမ်ပို့ပေးပြီးကတည်း က ဈေးချိုကို ဆိုင်ဖွင့်ဖို့ ထွက်သွားပြီ။ ဒီတော့ ကို ယ်ပဲ တတ်သလောက်မှတ်သလောက် ကြားဖူးနား ဝ ရှိသလောက်နဲ့ ညှိ ရတော့တာပေ့ါ။ နောက်ဆုံး ပြောကြဆိုကြတာ ချုပ်လိုက်တော့ အိမ် အောက် ထပ်သုံးခန်း မျက်နှာဖွင့်မှာ အပေါ်ထပ်လှေကားဘက်ကို သွား သာရုံ (၄)ပေလောက်ချန်ပြီး ကန့် ပေးရမယ်။ အဲဒီ (၄)ပေက ကိုယ်တို့ အပေါ်တက်ဖို့ ၊ လှေကားသုံးဖို့ စက်ဘီးထားဖို့ ပေ့ါ။ နောက်ဖေး က တော့ ကိုယ်တို့ လက်ရှိသုံးနေတဲ့ မီးဖို ပေးရမယ်။ လက်ရှိသုံးနေတဲ့ ရေ လောင်းအိမ်သာ ပေးရ မယ်။ ဒီတော့ လွတ်နေတဲ့ နောက်ဖေးအနောက် တောင်ထောင့်မှာ ကိုယ်တို့ သုံးဖို့ မြေကျင်းရေ လောင်းအိမ်သာတစ်လုံး လုပ်ရမှာ ပေ့ါ။

ပြီးတော့ ဆံပင်ကောက်၊ ဆံပင်ညှပ်ဆိုင်မို့ ရေပေးရမယ်။ ခေါင်းလျှော်ဖို့ ၊ ချိုးဖို့ ၊ သုံးဖို့ အခန်း တွေထဲမှာ ပိုက်တွေဆင်ပေးရမယ်။

ရပါတယ်။ ပြီးတော့ ဆံပင်ကောက်၊ ညှပ်နဲ့ ဆိုင်တဲ့ လျှပ်စစ် ပစ္စည်းတွေ အတွက် လျှပ်စစ်အားတွေသုံးမယ်ပေါ့။

နှစ်ဖက်လိုချင်တာ၊ ပေးနိုင်တာ ညှိကြပြီး ဈေးစကားပြောကြတော့ ကိုယ်ဘာမှ တောင် ပြော စရာမလိုပါဘူး။ စပေါ် ရှစ်သောင်း၊ လခ ရှစ်ထောင်နဲ့ တည့်သွားပါတယ်။ ကိုင်း. . .ဘာပြောစရာလို တော့လဲ။ ရပ်ကွက်လူကြီးတွေရှေ့ စာချုပ်ပြီး ငွေပေးငွေယူ လုပ်ကြရုံ ရှိတော့တာပေါ့။ စာချုပ်ကြ တော့ ထုံးစံအတိုင်း လူမှုရေးအရ၊ ဥပဒေအရ ခွင့်မလွှတ်နိုင်တဲ့ ကိစ္စမျိုးပေါ်ရင် ကိုယ့်ဘက်က ဆက်မထားနိုင်ဘူးဆိုတာတော့ အလုပ်သဘော ထည့်ပေးပါတယ်။

စာချုပ်မှ ပဲ ဒီညီအစ်မနာမည် သိရတော့တယ်။

ဝင်းသန်းဦးတဲ့ ။ ဝင်းသန်းစိုးတဲ့ ။

ဟုတ်တယ်။ ကိုယ်တို့ နယ်ဘက်က မှ ညွှတ်တတ်တဲ့ နာမည်မျိုး။

***

ဘာမှ သာ မဟုတ်တာ။

အခန်းကန့်တာ၊ ဆေးသုတ်တာ၊ မီးဆင်တာ၊ ရေပိုက်သွယ်တာ၊ ပြင်တာဆင်တာနဲ့ ငွေသုံး သောင်းခွဲလောက် ကုန်သွားပါတယ်။ ငွေမြင်ပြန်တော့ မိန်းမကလည်း ပူဆာတာနဲ့ တိုရှီဘာ (၁၄) လက်မလေးတစ်လုံး ဝယ်ပေးရတာ နှစ်သောင်းရှစ်ထောင်လောက် ချောသွားရော။ ဘာကျန်တော့ မလဲ၊ လက်ထဲ တစ်သောင်းခွဲလောက် ကျန်တော့တာပေါ့။ ဒါက ခြေစောင့်လက်စောင့်။

ကဲ. . .အိမ်လည်း ပြင်ဆင်ပြီးပြီ။ မဦး(ဝင်းသန်းဦး)က ဆိုင်းဘုတ်နဲ့ ထောင်ဘုတ်အပ်ခိုင်းလို့ ပန်းချီဆရာဆီ အပ်ပေးရတယ်။ ဖလာဝါရီ အမျိုးသား၊ အမျိုးသမီး ဆံပင်အလှပြင်တဲ့ ။ ထောင်ဘုတ် မှာ တော့ အမျိုးသား၊ အမျိုးသမီး ဆံပင်ညှပ်၊ ဆံပင်ကောက်၊ ဆံပင်ဖြောင့်၊ ဆံပင်ပေါင်းတင်၊ တစ် ကိုယ်လုံးပေါင်းတင်၊ မျက်တောင်ကော့၊ မျက်ခုံးကို စက်ဖြင့်ထိုး၊ ခြေသည်း လက်သည်း ပြုပြင်၊ ခေတ်မီသေနတ်ဖြင့် နားဖောက်၊ ခေတ်မီ စက်ကိရိယာဖြင့် အကြောပြင်ဆိုပြီး ရေးခိုင်းတယ်။ လား လား စုံလိုက်တဲ့ အတတ်ပညာတွေပါလား။

ဆိုင်ကိုတော့ ကဆုန်လဆန်း (၈)ရက်နေ့မှာ စဖွင့်မယ်လို့ မဦးကပြောပါတယ်။ သည် တစ်ခါ တော့ အဘွားလုပ်သူက သူ့မြေး ဖတဆိုးလေးတွေ အရွယ်နဲ့ မလိုက် လုပ်ကိုင်စားသောက်ကြရတာ မို့ နှမလေးတွေလို စောင့်ရှောက်ဖို့ ၊ ကြည့်ရှုဖို့ ၊ ဆွေမျိုးရင်းချာလို သဘောထားဖို့ ပြောပါတယ်။ ကိုယ်ကလည်း စိတ်ချပါပေါ့၊ ဒီရပ်ကွက်အနေနဲ့လည်း မန္တလေး ရွာနေပြည်ထိုင် ရပ်ကွက်မို့ အစစ စိတ်ချဖို့ ပြောပြရပါတယ်။

လဆန်း (၈)ရက် ဥပုသ်နေ့မှာ ဆိုင်စဖွင့်တယ်။ ဆိုင်ဖွင့်ပွဲမှာ ဘုန်းကြီး(၃)ပါး ဆွမ်းကျွေး တယ်။ ရပ်ကွက်လူကြီးတွေ အိမ်နီးနားချင်းတွေ ဖိတ်ပေးလိုက်ရတယ်။

အဲ. . .မဦးတို့ မိတ်ဆွေတွေလည်း လာကြတယ်။ အမယ်. . .သူ့မိတ်ဆွေအပေါင်းအသင်း တွေကလည်း တော်ရုံတန်ရုံတော့ မဟုတ်ကြဘူး။ သိသလောက်တော့ မန္တလေးက စားပွဲရုံပိုင်ရှင် တွေ၊ ဟိုတယ်ပိုင်ရှင်တွေ ချည်းပဲ။ ဒီခေတ် “ကလေး” တွေ မျက်စိပေါက် သိပ်ပွင့်ကြတယ်။ ဒီအ ရွယ်နဲ့ တင်ပဲ အခုလို ကျယ်ကျယ်ပြန့်ပြန့် ပေါင်းနိုင်ကြတာပါကလား။

ဆိုင်ထဲက ဖွင့်ထားတဲ့ ကက်ဆက်သံက လာတဲ့ ဧည့်သည် တွေရဲ့ စကားသံတွေကြားက အ ပြင်ကို တိုးထွက်လာတယ်။

"တစ်နေ့နေ့ တစ်ချိန်ချိန် သိန်းကျောက်ရရင် လောပန်းဖြစ်ပြီပေ့ါ၊ အကြံကုန်ရင် သံတိုင် ရောင်း. . ."

***

အကျိုးပေးတယ် ခေါ်မလား၊ လက်ရာကောင်းတယ် ခေါ်မလား၊ မဦးတို့ ဆိုင်မှာ စဖွင့်က တည်းက လူမပြတ်ဘူး။ စာအုပ်ဆိုင်ဖွင့်တုန်းက အလွန်ဆုံးစည်လှ စက်ဘီး လေးငါးခြောက်စီးသာ ရှိတဲ့ ကိုယ့်အိမ်ရှေ့လည်း စာအုပ်ဆိုင်ပိတ်၊ မဦးတို့ ဆိုင်ဖွင့်ပါမှ ပါဂျဲရိုးတွေ၊ အက်စ်အီးတွေ၊ ဗင် တွေ၊ စူပါဆလွန်းတွေ၊ ဘဲခေါင်းစိမ်းတွေ၊ ရွှေရောင်တွေနဲ့ ပြည့်နေ တော့တယ်။ ဒါကြောင့်လည်း ည ဆို (၁၁)နာရီကျော်မှ ချည်း မဦးတို့ ဆိုင်ပိတ်ရတယ်။

ကိုယ်တို့ မိသားစုကတော့ စာအုပ်ဆိုင်အလုပ် မရှိကတည်းက ညစာ စားသောက်ပြီး တစ်ခါ တည်း အပေါ်တက်ကြတယ်။ မိန်းမကလည်း တီဗွီမှာ ရောင်စုံမျည်းကျားကြီးတွေ လာကတည်းက ထိုင်လိုက်တာ အစီအစဉ်ပြီးထိနေ့တိုင်း။ ကိုယ်လည်း ပျင်းရင် တီဗွီထကြည့်ချင် ကြည့်၊ ရှစ်နာရီ ဆယ့်ငါး ရေဒီယို နားထောင်ချင်ထောင်၊ စာအုပ်ဖတ်ချင် ဖတ်နဲ့ မဦးတို့ ဆိုင် စဖွင့်တဲ့ နေ့ကစပြီး အိမ် အောက်တောင် မရောက်ဖြစ်ပါဘူး။ ဘာပဲပြောပြော အိမ်ငှားခလေးက ကိုယ့်မိသားစု စားဖို့ သောက်ဖို့ အပြင် လစဉ်စုနိုင်ဆောင်းနိုင်ပြီး ခုလို အေးအေးသက်သာနေနိုင်တော့ မဆိုးဘူး ပြောရ မှာ ပေ့ါ။ ဒီကြားထဲ မဦးတို့ အလုပ်ဖြစ်တာ မြင်နေရတော့ ဂ

မ်းသာရတာ ပေါ့လေ။

သူတို့ အလုပ်ဖြစ်ပုံကလည်း ကိုယ်က အိပ်ရာထ မျက်နှာသစ်ပြီးလို့ တံခါးဖွင့်ခါစရှိသေး၊ အိမ်ရှေ့မှာ စောင့်တဲ့ ဧည့်သည် က စောင့်နေပြီ။ တစ်ရက်ကများ ဘယ်အချိန်က ရောက်နေကြသ လဲ မသိဘူး။ တံခါးဖွင့် လိုက်တော့ အိမ်ရှေ့မှာ ကားနှစ်စီးရောက်နေပြီ။ ဟို. . .တောင်ပေါ်က ဆင်း လာတဲ့ ကားတွေနေမှာ ။ ဟိုင်းလတ်နှစ်စီးရဲ့ ဘော်ဒီတစ်ခုလုံးလ ည်း နဂိုဆေးရောင် မမြင်ရတော့ ဘူး။ မြေနီတွေ၊ ရွှံ့တွေ၊ ဖုန်တွေနဲ့ ။ ကားပေါ်မှာ လည်း အထုပ်အပိုးတွေအပြည့်။ အထုပ်အပိုးတွေ ပေါ်မှာ လည်း လူသုံးလေးယောက်က ခရီးပန်းလာတဲ့ ပုံမျိုး ပိုးလိုးပက်လက်အိ ပ်လို့ ။ တံခါးအဖွင့် ကိုယ့်ကိုမြင်တော့ ကားခေါင်းခန်းကလူက စီးကရ က်ဖွာရင်း ရယ်ပြတယ်။ မဦးတို့ အခန်း မေးငေါ့ပြီး မဖွင့်သေးဘူးလား တဲ့ ။ ကိုယ်က ဖွင့်တော့မှာ ပါ၊ သူတို့ ညက ဆိုင်ပိတ်တာ နောက်ကျပုံရ တယ်၊ ခဏ စောင့်ပါလို့ ပြောရတယ်။

ဒီအချိန်မှာ ဆင်းတာလား၊ တက်တာလား မသိဘူး။ ဝေါ. . .ဝေါ. . . ဝေါနဲ့ လေယာဉ်ပျံသံ ကြားတော့ ကားနောက်ခန်းက အိပ်နေတဲ့ လူတွေ လူးလဲထပြီး အံ့အားတသင့်နဲ့ လေယာဉ်ပျံကို မော်ကြည့်ကြပါရောလား။ ဩော်. . .အတော်ခေါင်တဲ့ နေရာက လူတွေနေမှာ လို့ တွေးမိသေးရဲ့ ။ အံ မယ်. . .အဲဒီ လိုလူတွေက မဦးတို့ ဆိုင်ကို သိနေတာ တွေးမိပြန်တော့ ပိုအံ့ဩရတာ ပေါ့။

ခဏနေတော့ မဦးတို့ ဆိုင်ဖွင့်တယ်။

ကဲ. . .အဲဒီ နေ့ မနက်တင် ညှပ်၊ လျှော် ငါးယောက်လောက်ဝင်တော့ အနည်းဆုံး ငွေတစ် ထောင်ကျော် ဈေးဦးပေါက်ပြီ။ ဆိုင်ထဲကလည်း ဧ ည့်သည် အသံတွေနဲ့ အတူ ကက်ဆက်သံလေး ကြားရပြီ။

“ဘဂသံသရာရဲ့ အလယ်မှာ . . .

ဆင်းရဲသူရယ်. . .ချမ်းသာသူရယ်

အများကြီးရှိပါတယ်. . .

ကံမကြုံသေးလို့ သံတိုင်ကိုင်ပြီး ကျောက်တူးရတာ

အထင်တော့ မသေးပါနဲ့ . . .”

***

ဒီအနံ့တွေနဲ့ လေးငါးခြောက်နှစ်လောက် ကင်းကွာနေပေမဲ့ ဘယ့်နှယ်လုပ် မေ့ပါ့မလဲ။ မ နက်စောစောရတာ က အခေါက်ကင်နံ့။ ပြီးတော့ ကြက်သားလုံးကြော်နံ့၊ ကုန်းဘောင်ကြီးကြော်နံ့၊ ငါးရှဥ့်ကြော်နံ့၊ ကိုက်လန်နံ့၊ မှိုနံ့၊ ပုစွန်နံ့။ တော်တော်များများ အနံ့တွေမှတ်မိတယ်။ ဒီအနံ့တွေကို အခုထိစွဲပြီး မှတ်မိနေတုန်း။

အား. . .မဦးတို့ က ဝင်ငွေကောင်းတော့ ဖွယ်ဖွယ်ရာရာ ချက်ပြုတ်စားနိုင်ကြပါကလား။ လေးယောက်အိုးစာကို ဒီလောက်ကြော်လှော်နေရင် ဘယ်လိုလုပ် ကုန်အောင်စားနိုင်ပါ့မလဲ။ နေ့ တိုင်းပဲ ချက်နိုင်ပြုတ်နိုင်ကြပါပေ့။ သူတို့ ခိုင်းတဲ့ ကောင်မလေးများ မနက်ဘက် ဈေးကပြန်လာရင် ချက်စရာ ပြုတ်စရာတွေ ဆိုက်ကားပေါ်မှာ ခြင်းတောင်းနဲ့ အပြည့်။ တစ်ခါတလေ အချိုရည်ဘူးတွေ လည်း ပါတတ်တယ်။ တစ်ခါတလေ ဂျပ်ပုံးတွေနဲ့ အစားအသောက်ဘူးတွေ၊ ပုလင်းတွေလည်း ပါ တတ်ပါတယ်။

မိန်းမကတော့ မိန်းမဉာဏ်နဲ့ မှတ်မှတ်သားသား ရှိတယ်။ အချိုရည်

ဖာတွေ ကိုတလုတ် ဆိုက်ကားနဲ့ ရောက်လာရင်-

"ဟင် မနေ့ကမှ နှစ်ဖာယူလာတာ၊ ဒီနေ့ ထပ်ဝယ်ပြန်ပြီ"

လို့ ပြောတတ်ပါတယ်။

တစ်ခါတလေ အချိုရည်ဖာတွေ မဟုတ်ဘဲ ဂျပ်ပုံးကြီးတွေ သယ်ပြီး အခန်းထဲဝင်သွားရင် ကိုယ့်နားကပ်ပြီး တိုးတိုးပြောတတ်ပါသေးတယ်။

"အစ်ကို. . .အဲဒီ ဂျပ်တွေက အရက်ပုလင်းတွေ သိလား။ ကိုတလုတ်ကြီး အခုလိုသယ်တုန်း တစ်ခါက ကြိုးတွေပြေသွားလို့ ပြန်ချည်တော့ မြင်လိုက်ရတယ်" တဲ့ ။

ကိုယ်ကတော့-

"သူတို့ လည်း အရောင်းအဝယ်လုပ်လို့ နေမှာ ပေါ့ကွာ။ ဆိုင်မှာ ကုန်သည် တွေ ဝင်ထွက်နေ တာပဲ"

လို့ ခပ်ပေါ့ပေါ့ ပြောလိုက်ရတယ်။ မိန်းမက မျက်လုံးလေး ကလယ် ကလယ်နဲ့ ထပ်အတွန့် တက်ချင်ပုံပဲ။ ဒီကိစ္စကို ကိုယ်သိပ်စိတ်ဝင်စားပုံ မပေါ်လို့ သာ ဘာမှ ပြန်မပြောတာ။ ဒါပေမဲ့ နောက် တော့ ကိုယ်လည်း စိတ်ဝင်စားလာတယ်။ သံသယဖြစ်လာတယ်။ ဂျပ်ပုံးတွေ အဝင်သိပ်များလာပါ ကလား။ ကိုတလုတ်ဆိုရင် သူ့ဆိုက်ကား ဂိတ်ထိုးစရာ မလိုဘူး၊ ပါစင်ဂျာ ရှာစရာမလိုဘူး၊ မဦးတို့ ဆိုင်နဲ့ တင် အလုပ်ဖြစ်နေပြီ။

တစ်ညတော့ ဖြူ(စ်)ပြတ်ပြီး မီးငြိမ်းသွားတယ်။ ပြတ်သွားတဲ့ ဖြူ(စ်)ကို ပြန်တပ်၊ မီးပြန်ဖွင့်၊ ဖြူ(စ်) ပြန်ပြတ်ဖြစ်နေတယ်။ တစ်နေရာရာမှာ ရှော့ဝင်နေပြီပေါ့။ ကိုယ်တို့ အပေါ်ထပ်မှာ လည်း ထူး ထူးထွေထွေ လျှပ်စစ်အသုံးမရှိတော့ ခဏရှာလိုက်ရုံနဲ့ ရှော့မရှိတာ စစ်လို့ ရတယ်။ ဒါနဲ့ အောက်ထပ် မဦးတို့ အခန်း ဝင်ရှာရတာ ပေါ့။ သူတို့ သုံးတဲ့ လျှပ်စစ်ပစ္စ

ည်းတွေ နည်းနည်း စစ်ကြည့်တော့ တွေ့ပါ ပြီ။ ဟော့ပလိတ်ဝါယာ ပေါက်နေတာပါ။ ဒါနဲ့ ဝါယာပေါက်ကို တိပ်ပတ်ပြီး မီးဖွင့်တော့ ကောင်းသွား တယ်။

ဒါက အရေးမကြီးဘူး။ မဦးတို့ အခန်းကို ဝင်ကြည့်တော့ ဆံပင်ညှပ်လာတဲ့ ပုဂ္ဂိုလ်လေး ယောက်ကို မဦးတို့ ထမင်းစား စားပွဲမှာ အမြိန့်သားတွေ့ရပြီး စားပွဲပေါ်က ပစ္စည်းပစ္စယမြင်ကွင်းက စိတ်ကသိကအောက်ဖြစ်ရတာ က အရေးကြီးတယ်။

ပြောပြပ့ါမယ်။ စားပွဲပေါ်မှာ ပန်းကန်ကြီး၊ ပန်းကန်ငယ်နဲ့ ဟင်းအမယ်တွေက အမျိုးမျိုး။ ဘီ ယာပုလင်း၊ ဘီယာဘူး၊ နိုင်ငံခြား အရက်ပုလင်းတွေက ထိုးထိုးထောင်ထောင်။ လဲနေတဲ့ ဆိုဒါပု လင်း၊ စားပွဲအောက်လိမ့်နေတဲ့ ဘီယာဘူးခွံ၊ အချိုရည်ဘူးခွံ၊ ပုဂ္ဂိုလ်အားလုံးကလည်း ရေချိန်ကိုက် နေကြပြီ။

ဘေးက ဆက်တီအရှည်ပေါ်မှာ တော့ တစ်ယောက်က ခပ်မှိုမှိုလေး ခွေလို့ ။ မျက်လုံးက မှိန်း လို့ ။ သူ့ရှေ့မှာ ရေနွေးကြမ်းအပြည့်။ တစ်ပန်းကန်ပြီး တစ်ပန်းကန် တဂွပ်ဂွပ် ယူမော့လို့ ။ စတီးရေနွေးဘူးတွေလည်း စားပွဲပေါ်မှာ အစီအရီ။

ဒီထက်ဆိုးတာက မဦးညီမ မစိုးက ဒူးပေါ်ရောက်နေတဲ့ စကပ်ကျပ်ကျပ်လေးနဲ့ ။ ခပ်ပွပွ တီ ရှပ်လည်ပင်းဟိုက်နဲ့ ။ ပြောပါရစေတော့။ ကိုယ့်အထင် အပေါ်ဝတ် အတွင်းခံတောင် ပါပုံမရဘူး။ ကိုယ်လည်း အစက ရှော့ဖြစ်တဲ့ ကိစ္စမဲနေရလို့ သတိမထားမိတာ အမှန်။ ပြင်ဆင်ပြီး မီးဖွင့်လို့ ရမှ သတိထားမိတာပါ။ မဦးက ကွက်ခနဲ မျက်နှာပျက်သွားတယ် ။ အဘွားကြီးကတော့ ထုံးစံအတိုင်း နောက်ဖေးဘက်မှာ ဆေးပေါ့လိပ်နဲ့ ငုတ်တုတ်။ သူတို့ အခန်းက ကိုယ်လည်း ပြန်ထွက်လာတော့ မ ဦးက မ

လုံမလဲနဲ့ -

"မူဆယ်က ဧည့်သည် တွေလေ"

လို့ ပြောလိုက်တယ်။ ကိုယ် ဘာပြန်ပြောရမှန်း မသိဘူး။ ဒါပေမဲ့ ခေါင်းထဲမှာ အလုပ်တစ်ခု တော့ ပို လာပြီ။ မိန်းမကိုတော့ ပြန်ပြောမပြ သေးဘူး။

***

"အစ်ကို. . .အစ်ကို"

ဆူဆူညံညံ အသံတွေရော၊ မိန်းမ လှုပ်နှိုးတာရော၊ ကိုယ် ဖျတ်ခနဲနိုး လာပါတယ်။ ငုတ် တုတ်ထိုင်တော့ မိန်းမက-

"အစ်ကို ထပြီးဆင်းကြည့်ဦး။ အောက်မှာ ဆူညံနေတာပဲ။ မဦးတို့ ဘာဖြစ်နေလဲ မသိဘူး"

ဆိုလို့ ကမန်းကတန်းထ၊ မီးဖွင့်ပြီး နာရီကြည့်တော့ (၁၂)နာရီ (၂၀)။

ဟုတ်တယ်. . .မဦးတို့ အခန်းက ဆူညံနေတာပဲ။ ဒါနဲ့ အောက်ဆင်း လိုက်တယ်။ မိန်းမက နောက်ကလိုက်လာတယ်။ မဦးတို့ အခန်းက ဝုန်း ဒိုင်းကြဲနေကြပါလား။ စားပွဲကို စည်းချက်ကျကျ ရိုက်နေသံတွေလည်း ပါရဲ့ ။ ပုလင်းတွေ၊ ပန်းကန်တွေ တဒေါင်ဒေါင် ခေါက်နေသံရော ပါရဲ့ ။

"ဟိုကျင်းမရရင် ဒီကျင်း၊ ဒီကျင်းမရရင် ဟိုကျင်း၊ ခွဲမလျှော့ပါဘူး. . . "

ဆိုတဲ့ သီချင်းသံကလည်း ကက်ဆက်က တစာစာ။ ရယ်သံတွေလည်း ဆူလို့ ။ တစ်ခါတစ်ခါ မဦးအသံ ကြားရတယ်။

“ပြန်ကြတော့ကွာ။ တော်ကြတော့ကွာ။ မဦးကို သနားပါဦး” တဲ့ ။

အဲလိုပြောတိုင်း ဝိုင်းအော်ကြတာက-

“ရတယ်၊ ပြန်မယ်၊ မဦးရော လိုက်ရမယ်” တဲ့ ။

ကိုယ် သူတို့ အခန်းရှေ့ရောက်တော့ ဆိုင်ရှေ့မှာ ကားနှစ်စီးရပ်ထားတယ်။ ဘေးအိမ်တွေ မျက်နှာချင်းဆိုင် အိမ်တွေကပါ ထွက်ကြည့်နေကြတယ်။ ကိုယ်လည်း ထောင်းခနဲ ဒေါသထွက် သွားတာပေါ့။ ရှက်လည်း ရှက်တယ်။ ကာထားတဲ့ လိုက်ကာ အစိမ်းကြီး တွန်းဖယ်ပြီး မဦးတို့ အခန်း ထဲ ဝင်လိုက်တယ်။ ကိုယ့်မြင်တော့ မဦး မျက်လုံးပြူးသွားတယ်။ လက်ထဲက ဘီယာဘူး လွတ်ကျ သွားတယ်။ စားပွဲပေါ်ထိ တက်ထိုင်သူထိုင်၊ ကုလားထိုင်ကို ပြောင်းပြန်ကားယားခွ ထိုင်သူထိုင်၊ ဆက်တီပေါ်မှာ လည်း တုံးလုံးပက်လက်တွေ။

“ရတယ်၊ ပြန်မယ်၊ မဦး လိုက်ရမယ်”

“ရတယ်၊ ပြန်မယ်၊ မဦး လိုက်ရမယ်”

ဒေါင်. . .ဒေါင်. . .ဒေါင်. . .

ဒုန်း. . .ဒုန်း. . .ဒုန်း

ကိုယ်လည်း နံရံက နာရီကို လက်ညှိုးထိုးပြီး-

“မဦး. . .ဘယ်အချိန်ရှိပြီလဲ။ ညည်းတို့ ဟာက ဆင်ခြင်ဦးမှ ပေါ့။ ရပ်ကွက်ကိုလည်း အားနာ ဦးမှ ပေါ့။ အခုတော့ ပေါက်လွှတ်ပဲစားပုံစံနဲ့ ကမ္ဘာပျက်နေတဲ့ အတိုင်း”

လို့ အော်လိုက်တယ်။ စားပွဲပေါ်က ပုဂ္ဂိုလ်တချို့ ခေါင်းထောင်ကြည့်တယ်။ တစ်ယောက် နှစ်ယောက်က ဒယီးဒယိုင်နဲ့ ထလာတယ်။ ကိုယ်

က အနားမှာ ရှိတဲ့ တံခါးမင်းတုံး သုံးတစ်အသား တစ်ချောင်းကို လှမ်းဆွဲလိုက်တယ်။ မိန်းမက အော်တယ်။ အိမ်နီးနားချင်းတွေ ကိုယ့်ဘေးရောက် လာကြတယ်။ မဦးက သူ့လူတွေဆွဲရင်း ရှေ့ကိုထွက် လာပြီး-

"ဦး. . .ဦး. . .သူတို့ မူးနေလို့ ပါ။ ကျွန်တော့် ဧည့်သည် တွေပါ။ ကျွန်တော် တာဝန်ယူပါ တယ်။ နော်. . .နော်. . .ဦး. . .ဦး. . ."

လို့ ပြောတယ်။ ကိုင်း. . .အိမ်နီးချင်းတွေကို ဘယ်လိုမျက်နှာပြရမှာလဲ။ မပြေသေးတဲ့ ဒေါ သကြောင့် လက်ထဲက မင်းတုံး အသားချောင်းကြီး ဝုန်းခနဲဆောင့်ချလိုက်ပြီး နောက်ဖေးမီးဖိုခန်းထဲ ဝင်လိုက်တယ်။ ပန်းကန်တွေ ဆေးနေတဲ့ အဘွားကြီးကို-

"ဒီမယ်. . .ခင်ဗျား မြေးမတွေကို ပြောလိုက်။ သုံးရက်အတွင်း နေရာရှာပါ။ ဒီက ထွက်ပေး ပါ။ မစိုးလည်း ဘာစစ်ကိုင်းသွားတာလဲ။ ကျုပ်ကိုယ်တိုင် တည်းခိုခန်းမှာ တွေ့ခဲ့ပြီဗျ။ သုံးရက်အ တွင်းနော်. . . သုံးရက်အတွင်း. . .အမြန်ဆုံး ရွှေ့ပေးပါ"

လို့ အော်နေမိတယ်။

အဘွားကြီးက ခေါင်းမော့မကြည့်ဘူး။ အဖော်ကောင်မလေးက ပုလင်းခွံတွေ စုသိမ်းနေ လေရဲ့ ။ အပြင်ဘက်မှာ မိန်းမကို အိမ်နီးချင်းတွေက အခုမှ ရင်ဖွင့်နေကြပုံရတယ်။

***

တော်ပါသေးရဲ့ ၊ ရှောရှောရှူရှူ ထွက်သွားကြပေလို့ ။ သူတို့ စပေါ်တင်ထားတဲ့ အထဲက (၄) သောင်းပဲ ပြန်ယူသွားတယ်။ အိမ်ပြင်ဆင်တဲ့စရိတ်(၄)သောင်းကို ရက်ရက်ရောရော ထားခဲ့တယ်။ အဲဒီ ည အဖြစ်အ

ပျက်အတွက်လည်း မဦးက တောင်းပန်တယ်။ ကိုယ်အမ်းရမယ့် (၄) သောင်းက လည်း တီဗွီဝယ် ဘာဝယ်ဆိုတော့ တီဗွီပြန်ရောင်းပြီး စုထားတဲ့ ငွေလေး ဖြည့်တာတောင်မပြည့်လို့ နန်းရှေ့က တူမဆီက ထပ်ဆွဲရတော့ အကြွေးတောင် တင်ရပါရောလား။

မဦးတို့ လည်း လုံးချင်းအိမ်တစ်လုံးရသတဲ့ ။ စပေါ် (၁)သိန်း၊ လခကတော့ ရှစ်ထောင်ပဲတဲ့ ။ သန်ဘက်ခါ ဆိုင်ဖွင့်မှာ တဲ့ ။ ဆိုင်ဖွင့်ပွဲ လာပါဦးတဲ့ ။ ဘာညာပြောပြီး ဘဲခေါင်းစိမ်း စူပါကပ်လေး ဝေါ ခနဲစီးပြီး ပြန်သွားမှ ပဲ သက်ပြင်းချနိုင်တော့တယ်။

ကဲ. . .သူတို့ ထားခဲ့တဲ့ အခန်းမှာ ပဲ ထမင်းရှင် စာအုပ်ဆိုင်လေး ပြန်ဖွင့်မယ်။ အခန်းကိုရေ ဆေး ရှင်းလင်းနေတဲ့ မိန်းမက လှမ်းအော်တယ်။

“အစ်ကို. . .ဒီဂျပ်ပုံးကြီး အပြင်ထုတ်ပေးပါဦး” တဲ့ ။

ဒါနဲ့ ခုတင်အောက် မဦးတို့ ကျန်ခဲ့တဲ့ ရှိုက်ကွတ်ကာ ပုံးခွံကြီးသွားရွှေ့ရတယ်။ ပုံးထဲက ဂွမ်းလိပ်အသစ်တွေ ထွက်လာတယ်။ ပြီးတော့ နေဗီယာကရင်မ်ဘူးခွံ၊ လက်သည်းဆိုးဆေးဘူးခွံ၊ အမ်းမဝေးဘော်ဒီချောပြည့်တင်းဆေးဘူးခွံတွေ။ ပြီးတော့ ပြီးတော့. . .။ ကိုယ်မျက်လုံးပြူးသွား တယ်။ ကံကောင်းလို့ ပါလား။

နောက်ထပ်တွေ့တဲ့ ပုလင်းခွံတွေက အများကြီး၊ အများကြီး။ ဒီပုလင်းတွေက ဆေးရည်ပါ ရင် တစ်ပုလင်း ထောင်ချီတန်တဲ့ ပုလင်းတွေ။ ပုလင်းတွေကသာ တစ်မိုက်လောက်ရှိတာ။ အိန္ဒိယ ဘက်ကဝင်တဲ့ ဥပဒေပြင်ပက ဆေးရည်ပုလင်းခွံတွေ။

ကိုယ့်မျက်စိထဲမှာ ဒီပုလင်းခွံတွေနဲ့ အတူ စတီးရေနွေးဓာတ်ဘူး အရွယ်စုံဆိုက်စုံတွေ၊ မေး စင်းနေတဲ့ မျက်လုံးတွေ၊ ဖန်ခါးခါးရေနွေးကြမ်း ပန်းကန်တွေ။ အမယ်လေး စောစောစီးစီး နှင်မိတာ ကံ

ကောင်းလို့ ပါလား။

***

စာအုပ်ဆိုင်လေး ပြန်ဖွင့်ပြီး ပထမဆုံးရတဲ့ သန့်သန့်ရှင်းရှင်း ငွေနှစ်ရာထဲက တစ်ရာကို ဘု ရားကြီးမှာ ရွှေသွားချကြတယ်။

ကလေးတွေ ကျောင်းပိတ်တဲ့ စနေနေ့မှာ မိသားစု ဘုရားကြီးထွက်ခဲ့တယ်။ ဘုရားကန် တော့၊ ရွှေချ၊ ကြေးစည်ကြီး၊ မောင်းကြီးနဲ့ ကြေးရုပ်ကြီးတွေကို ကလေးတွေပြပြီး လိပ်ကန်ဘက် ထွက်လာခဲ့ကြတယ်။ လိပ်ကန်မှာ ကလေးနှစ်ယောက်က လိပ်စာကျွေးကြနဲ့ ပျော်လို့ ။ ကိုယ်တို့ လင် မယားလည်း ကလေးတွေကိုကြည့်ပြီး ကြည်နူးလို့ ။

ကလေးတွေဆီ အာရုံရောက်နေတုန်း အနားက-

"မိသားစု ဘုရားလာကြတာလား"

ဆိုတဲ့ အသံကြောင့် မော့ကြည့်လိုက်မိတယ်။ ကန်စွန်းဥပြုတ် လင်ပန်းလေးရွက်ထားတဲ့ အ ဘွားကြီးကို မြင်ဖူးသလိုလို ဇဝေဇဝါနဲ့ ။ မိန်းမက ကိုယ့်လက်မောင်းကို လှမ်းကိုင်ပြီး "မဦးတို့ အ ဘွားလေ" လို့ ပြောမှ မှတ်မိတော့တယ်။

အဘွားကြီးက ခေါင်းပေါ်က လင်ပန်းလေးချ၊ လင်ပန်းလေးထဲက ဆေးလိပ်တိုလေးယူ ပါး စပ်တပ်၊ မီးညှိ၊ တစ်ရှိုက်နှစ်ရှိုက်ဖွာပြီး ရယ်ကျဲကျဲနဲ့ -

"ကိုယ့်ဟာကိုယ် သရေစာလေး ရောင်းပြီး ငါးကျပ်တစ်ဆယ်ရတာက စိတ်ချမ်းသာပါတယ် တော်။ သူတို့ က သူတို့ အဘွားးအနေနဲ့ လိုက်

နေပေးပါ၊ ဘာမှ လည်း ဝင်မပြောပါနဲ့ ၊ စားပြီးသောက် ပြီးလို့ တစ်လငါးရာ ပေးပါမယ်ဆိုလို့ သာ စိတ်ဆင်းရဲခံပြီး လိုက်နေရတာ ပါ။ အခုသူတို့ ဆေးရုံကြီး ဘက်ပြောင်းတော့ ကျုပ်လည်း မလုပ်ချင်တော့ ဘူး၊ ရှက်တယ်ဆိုပြီး ထွက်ခဲ့တာ၊ နောက်တစ် ယောက်ထပ်ရှာပြီး ခေါ် သွားကြလေရဲ့ ။ မဦးနဲ့ မစိုးကလည်း ညီအစ်မ မဟုတ်ပေါင်တော်။ မစိုး က လည်း ကျုပ်လို ငှားတဲ့ အလုပ်သမားပါပဲ။ အဲ. . .ကွာတာကတော့ မ စိုးက ပိုက်ဆံတွေ အများကြီးရ တာပေါ့လေ” လို့ ပြောတယ်။

ကိုယ်တို့ လည်း ပါးစပ်အဟောင်းသားနဲ့ အံ့အားသင့်လို့ ။

ကလေးနှစ်ယောက်ကတော့ လိပ်ကန်ဘေး လိပ်စာဆိုင်က ဖွင့်တဲ့ သီချင်းကို သံပြိုင်လိုက် ပြီး အော်ဆိုနေကြတယ်။

“ကျင်းပေါင်းတစ်ထောင် ကုန်အောင် တူးမယ့်

ကျောက်တူးသမားပါကွာ. . .

တကယ်တော့ ကျောက်တူးသမားများ ဟာ

လောပန်းလောင်းတွေပါ. . .”

**ရွှေအမြုတေ၊ ၁၉၉၅၊ ဇူလိုင်**

***

## ကျွန်တော့်ချစ်သူသည် စက်ဘီးမစီးတတ်ပါ

တကယ်တော့ ခင်ဆွေအေးက စက်ဘီးမစီးတတ်။ သူ စက်ဘီးမစီးတတ်ပုံက ကိုယ်တိုင်မ စီးတတ်သည့်အပြင် သူများ နောက်က ထိုင်လိုက်တာကိုပဲ အချိုးမကျ။ နင်းနေသော စက်ဘီးပေါ် လည်း ခုန်မတက်တတ်။ ကျွန်တော်တို့ နှစ်ယောက် စက်ဘီးနှင့် သွားရမည့်ခရီးဆိုလျှင် အလွန် က သိကအောက်နိုင်လှ၏ ။ စက်ဘီးက ၂၈ လက်မ ယောက်ျားစီးဘီး။ ကျွန်တော့်ရှေ့ဘားတန်းပေါ်က ထိုင်လိုက်ရမှာ လည်း ရှက်တော်မူသတဲ့ ။ ဘီးနောက် ကယ်ရီယာပေါ်ကပဲ အမြဲလိုက်သည် ။ ကယ်ရီ ယာပေါ် ထိုင်လိုက်တော့လည်း ခုန်မတက်တတ်။ အရပ်ပုသော ကျွန်တော့်မှာ အမြဲတမ်းလိုလိုပင် သစ်တုံး(သို့မဟုတ်) အုတ်ခဲ စသည့်အမြင့်နေရာများ ရှာပြီး ခြေဖျားထောက် စက်ဘီးပေါ် ခွကာ သူ တက်နိုင်အောင် ရပ်ပေးရသည် ။

သူ့အရပ်အမောင်း၊ သူ့ကိုယ်လုံးကိုယ်ထည်နှင့် ကယ်ရီယာပေါ်တက်ထိုင်ပြီးလျှင် ကျွန် တော့်မှာ စက်ဘီးကို စနင်းဖို့ ဟန်ချက်မညီချင်တော့။ ယိုင်တိယိုင်ထိုးနဲ့ ဟိုတိုက်မလို သည် တိုက်မ လိုဖြစ်ကာ အရှိန်ရတော့မှ ဖြောင့်ဖြောင့်ဖြူးဖြူး နင်းလို့ ရတော့သည် ။ မီးပွိုင့်နား ရောက်ပြန်လျှင် လည်း တောက်လျှောက်နင်းနိုင်ဖို့ မီးစိမ်းကိုချိန်ကာ စက်ဘီးကို အနှေးအမြန် မှန်းဆရသေးသည် ။

အချိန်အဆ မမှန်ဘဲ မီးနီမိကာ ရပ်ရလျှင် သူကလည်း အလျင်အမြန် ခုန်မဆင်းတတ်။ ကျွန် တော်ကလည်း ထိုင်ခုံမှ ခြေဖျားထောက်ရပ်ရန်

မမိ။ မလဲရုံတမယ် နှစ်ယောက်သား ခုန်ဆင်းရ သည် ။ မီးစိမ်း၍ ဆက်နင်းရမည့်အဖြစ်ကိုတော့ ဘယ်လောက် ဒုက္ခရောက်မည်ဆိုတာ မှန်းသာကြည့်ပေရော့။ ကားတွေ၊ ဆိုင်ကယ်တွေကြား ဟွန်းသံ တညံညံ၊ ဆဲသံတဆူဆူ၊ မျက်စောင်းတခဲ ခဲနှင့် ကြိမ်းမောင်းခံရသည် ချည်း ဖြစ်သည် ။

“ခင်ဆွေအေးရယ်၊ စက်ဘီးစီး သင်ပါဦးဟာ။ နင် စက်ဘီးမစီးတတ်တာ ဒုက္ခသိပ်ရောက် တာဟ”

ဟု ပြောတိုင်း-

“ဒီအရွယ်ကြီးရောက်မှ မသင်ချင်ဘူး။ ငါ စက်ဘီး မစီးတတ်လို့ မကြိုက်ချင်လည်း အဆက် ဖြတ်လိုက်”

ဟု ငေါက်ဆတ်ဆတ်ပြောတတ်၏ ။ ဤသို့ပြောတိုင်း ကျွန်တော့်မှာ ပြန်ပြောစရာ စကားဗ လာ။

***

မန္တလေး၏ အလှဆုံး တစ်ခုကိုပြောပါဆိုလျှင် “ညနေခင်းတွင် မန္တလေးသူလေးတွေ စက်ဘီး စီးကြတာ” ဟု ပြောရမည်ဖြစ်သည် ။ ကျုံးဘေးက ထိုင်ကြည့်လျှင်ပဲ သည် အလှကို မျက်စိတစ်ဆုံး ခံစားရသည် ။ တချို့က လက်ကိုဆန့်ပြီး စက်ဘီးလက်ကိုင်ကို ကိုင်သည် ။ ခါးကို မတ်ထားသဖြင့် ထိုင်ခုံပေါ်က အလှကရင်သပ်ရှုမောလောက်သည် ။ သည် အလှကို ထပ်ဖြည့်ပေးလိုက်တာက နင်း နေသော ခြေထောက်ကို ကားမထားဘဲ ဒူးနှစ်လုံးထိကာ စု၍ စက်ဘီးနင်းခြင်းဖြစ်သည် ။

တချို့ကတော့ ခေါင်းလျှော်ပြီးစ ဆံပင်ကို ဖားလျားချ၊ သနပ်ခါးထူထူလိမ်းပြီး လက်တစ် ဖက်က လက်ကိုင်ကို ကိုင်။ လက်တစ်ဖက်က

ထီးကိုဆောင်းပြီး ကျွမ်းကျင်စွာ နင်းသွားနိုင်သည် ။

တချို့တလေကတော့ ဆံပင်တိုတို၊ ရှပ်အကျႌဝတ်ကာ ထဘီဒူးဆစ်ရောက်အောင် ဝတ်ပြီး စက်ဘီးကို ခပ်မြန်မြန် ခပ်သွက်သွက် နင်းတတ်သည် ။ ဒါကလည်း ကြည့်ကောင်းသည် ။ သူတို့လို စတိုင်လ်မျိုးက မီးပွိုင့်မှာ စက်ဘီးရပ်လျှင် ဘယ်တော့မှ အောက်မဆင်း။ စက်ဘီးပေါ်မှ ခြေဖျား ထောက်ရပ်သည် ။ ထိုအခါ၌ ခပ်ရိုင်းရိုင်း လှတတ်သေး၏ ။ သို့သော် ထိုသို့ ခြေဖျားထောက်ရပ် သည့် ပုံစံမျိုးကို စောစောကပြောသည့် လက်လေးဆန့်၊ ခါးလေးမတ်၊ ဒူးလေးစုပြီးစီးတတ်သည့် မိန်းကလေးမျိုးက မလုပ်တတ်။ သူတို့ လုပ်လျှင်တော့ ဣန္ဒြေပျက်လောက်အောင် ရုပ်ပျက်ဆင်း ပျက် ဖြစ်သွားတတ်သည် ။

ဟော. . .သည် ဘက်နှစ်ပိုင်း အဝတ်အစားတွေ ပြောင်းလဲလာသလို ပြိုင်ဘီးတွေ ခေတ်စား လာပြန်တော့ တီရှပ်၊ ဂျင်းဘောင်းဘီနှင့် ခါးလေးကုန်းကာပြိုင်ဘီးကို ဂိုးခနဲ နင်းသွားတတ်သည့် မန္တလေးသူလေးတွေလည်း အများကြီးတွေ့လာရသည် ။ ဒါကလည်း ကြည့်ကောင်းသည် ဟု ပြောရ ဦးမှာ ပဲ ဖြစ်သည် ။ အဘယ်ကြောင့် ဆိုသော် ကမ္ဘာပေါ်ရှိ အလှပဆုံး ကောက်ကြောင်းများက မိန်းမ တွေဆီမှာ ပဲရှိသည် မဟုတ်လော။

ထိုအလှများက ဘယ်ရွေ့ဘယ်မျှဆွဲဆောင်နိုင်သည် မသိ။ တစ်ခါတစ်ရံ ဦးတည်ချက် ပျောက်ကာ သူတို့ လေးတွေနောက် တကောက်ကောက်လိုက်ကာ အိမ်ပြန်နောက်ကျရသည့်နေ့ များ လည်း ရှိလာသေးသည် ။

***

ကျွန်တော်က “ခင်ဆွေအေး” ကို အဲသလိုမျိုး လှစေချင်သည် ။ ယဉ်ယဉ်ပဲလှလှ၊ ရိုင်းရိုင်းပဲ လှလှ။ ကျွန်တော်စွဲလမ်းသော ထိုအလှကို ကိုယ့်ချစ်သူက ပိုင်ဆိုင်စေချင်သည် ။ ယခုတော့ဖြင့် လှ တာမလှတာ နောက်ထား၊ သမီးရည်းစားဘဝ လျှောက်လည်ရတာ ကိုပင် အဆင်မပြေချင်လှ ။ မန္တလေးမှာ ကလည်း စက်ဘီးနဲ့ မှ ပဲ အလုပ်ဖြစ်မည်။ ကိုယ်ပိုင်ကား၊ ကိုယ်ပိုင်ဆိုင်ကယ် မရှိလေတော့ စက်ဘီးမှ မစီးချင်လျှင် ဘတ်စ်ကားပေါ် ဟိုလူတွေ့၊ သည် လူတွေ့ မဖြစ်တော့။

အအေးဆိုင် သွားမယ်၊ ရုပ်ရှင် ကြည့်မယ်၊ လည်မယ်ပတ်မယ် ကြံတိုင်း အပျော်စိတ်က လေး မဝင်ခင် ဟောသည် စက်ဘီးစီးဖို့ ဒုက္ခနှင့်ပင် စိတ်ပျက်ချင်မိတော့သည် ။ ကျွန်တော်ကသာ တွေးတောပူပန်နေတာ၊ ခင်ဆွေအေးကဖြင့် ဂရုမစိုက်။ စက်ဘီးမစီးတတ်သူတစ်ယောက်အဖို့ သူများ ဘီးနောက်က လိုက်ပြီးအလုပ်ဖြစ်ဖို့ ပဲလိုတာ အဓိကလို့ စိတ်တုံးတုံးချထားပုံရသည် ။ ကသိက အောက်ကိစ္စအတွက် တယ်မပူပန်လှ။

ဩော်. . .တကယ်တော့ ခင်ဆွေအေးကို ကျွန်တော်စတွေ့ပြီး စွဲလမ်းတာက ကျုံးဘေး စက် ဘီးစီးရင်း တကောက်ကောက်လိုက်ကာ တွေ့ကြတာမှ မဟုတ်ပဲ။ မြို့တော်ခန်းမ (၂) အောက်ထပ် က စာအုပ်ရောင်းတဲ့ ကောင်တာတွေနောက် စျေးရောင်းနေရာမှာ တွေ့တာပဲဥစ္စာ။

ကြာတော့ စာအုပ် တဒီးဒီးဝယ်သူနှင့် စာအုပ်ကောင်တာ စာရေးမငြိသွားကြတာပဲဥစ္စာ။ စက်ဘီးစီးတတ်၊ မစီးတတ် သိစရာမှ မလိုပဲ။ သည်လိုနဲ့ ကျွန်တော်နဲ့ ခင်ဆွေအေး သမီးရည်းစား ဖြစ်ခဲ့ကြတာ တော်တော်ကြာပါသည် ။ သို့သော် တစ်နေ့. . .

***

တက္ကသိုလ်နောက်ဆုံးနှစ်မို့ ပခုက္ကူနယ်ဘက် တစ်လခွဲကြာ ကွင်းဆင်းပြီး မန္တလေးပြန် ရောက်တော့ ခင်ဆွေအေး၏ ဆက်ဆံရေးမှာ ကျွန်တော့်အပေါ်အတော်ပြောင်းလဲနေသည် ။ သုံးခါ သွားပါမှ တစ်ခါလောက်ပဲ အားနာတွေ့တွေ့သည် ။ အဲသည် တစ်ခါလည်း စကား ဟက်ဟက်ပက် ပက်မပြော။ ဘာမကျေနပ်တာလဲဟု လည်း မေးလို့ မရ။ သမီးရည်းစား ဆက်ဆံပုံမျိုးမဟုတ်ဘဲ အ သိမိတ်ဆွေ ဆက်ဆံပုံမျိုးပဲ ဆက်ဆံသည် ။ ကျွန်တော် ကွင်းဆင်းနေတုန်း အစ်မဂမ်းကွဲတစ် ယောက်က တစ်ဆင့်ပေးခိုင်းသည့် စာများ နှင့် မုန့်ကျည်းယိုထုပ်တွေ ရသလားမေးတော့ ခေါင်း ညိတ်ပြသည် ။

တစ်ရက်၊ နှစ်ရက်၊ သုံးရက်။

အခြေအနေက ထူးမလာ။ ရှောင်နေသော သူမကို လာတွေ့ဖို့ ကြိုးစားနေသည့် ကျွန်တော့် လှုပ်ရှားမှုကသာ သူတို့ ဆိုင်၊ သူတို့ ပတ်ဝန်းကျင်မှာ အနှောင့်အယှက်ဖြစ်သည့် တုံ့ပြန်မှုမျိုးကို ရ လာသည် ။ သိပ်မဟန်ချင်တော့။

အပြန်မှာ လည်း ခင်ဆွေအေးကို သူ့အိမ်က အမြဲလာကြိုနေပြန်တော့ ချဉ်းကပ်လို့ မရ။ သွား ပြီ။ ဤသို့ဖြင့် ပျာလောင်ခတ်နေစဉ် ကျွန်တော့်သူငယ်ချင်းတစ်ယောက်က ထိုကိစ္စကို ဖွင့်ပြော တော့သည် ။

“ငါအစက မပြောဘူးနေမလို့ ပဲ။ ဒါပေမဲ့ မင်းရောဂါက အသည်းအသန်ဖြစ်နေတော့ အခုလို ပြောရတော့တာ။ မင်း ပခုက္ကူသွားတဲ့ အချိန်က ခင်ဆွေအေးလည်း စာပေးစာယူ အနီးကပ်သင် တန်းအတွက် ညနေတိုင်း ကျူရှင်ယူနေရပုံ ထင်တယ်ကွ။ ဘာလို့ လဲဆိုတော့ ရုံးဆင်းချိန်လောက် ဆို ငါတို့ အိမ်ရှေ့က ဖြတ်ဖြတ်ပြီး (၁၄)လမ်းထဲ ချိုးချိုးသွားတာကွ။ (၁၄)လမ်းထဲမှာ အီးမေဂျာက ဆရာဦးမောင်မောင် ရှိတယ်လေ

။ ခင်ဆွေအေးနဲ့ အမြဲတွဲတဲ့ လူက သူ့ထက်တော့ နည်းနည်းကြီးပုံ ရတယ်ကွ။ တစ်ယောက် စက်ဘီးတစ်စီးစီနဲ့ ရယ်လို့ မောလို့ ကွာ။ အဲ. . .ကျူရှင်ပြီးတော့ အတော် မိုးချုပ်ပြီကွ။ အဲဒီ အပြန်မှာ လည်း နှစ်ယောက်တည်း၊ တစ်ယောက်စက်ဘီးတစ်စီးစီနဲ့ ငါတို့ အိမ်ရှေ့ လမ်းအတိုင်း အရှေ့တက်ကြတာ။ အဲဒါ မင်းသိအောင် ပြောပြတာ။ နေ့တိုင်းပဲမောင်။ အရပ်ထဲက တောင် ဒီအတွဲ လိုက်တယ်လို့ ပြောနေကြတာကွ”

ကျွန်တော်က စားပွဲကို လက်သီးနှင့် ထုလိုက်သည် ။

***

“အစ်ကိုက မင်းမင်း လက်ဖက်ရည်ဆိုင်က စောင့်လေ။ အရပ်ထဲထိ မလာနဲ့ အစ်ကိုရဲ့ ။ အိမ် ကသိသွားရင် မလွယ်ဘူး။ ဥမ္မာက သူငယ်ချင်း စက်ဘီးနဲ့ လာခဲ့မယ်သိလား”

ကျွန်တော်က သူမကို ပြုံး၍ ကြည့်ရင်း ခေါင်းညိတ်ပြသည် ။ သူမ သူငယ်ချင်းက စက်ဘီး လေးထောက်ရင်း ခပ်လှမ်းလှမ်းမှ စောင့်နေသည် ။

“အစ်ကို. . .သွားမယ်။ ဆက်ဆက်စောင့်နော်။ ဥမ္မာ သေချာပေါက်လာမှာ ”

ဟု ပြောရင်း ပြေးထွက်သွားသည် ။ သူမ၏ သူငယ်ချင်း နင်းသွားသောစက်ဘီးနောက်က ကယ်ရီယာပေါ် ပြေးခုန်တက်ရင်း ကျွန်တော့်ကို လျှာထုတ်ပြသွားသည် ။

နောက်ရက်ရောက်တော့ သူမ ချိန်းထားသည့်အတိုင်း မင်းမင်း လက်ဖက်ရည်ဆိုင်က ထိုင် စောင့်သည် ။ လက်ဖက်ရည်တစ်ခွက်မှာ ပြီး စိ

မ်ပြေနပြေထိုင်သောက်ကာ ဥမ္မာကို မျှော်နေမိ၏ ။ အား. . .ကိုးနာရီခွဲပြီ ပဲ။ ပေါ်မလာသေးပါလား။ ချိန်းထားသည့်အချိန်ထက် နာရီဝက်လောက် တောင် နောက်ကျနေပြီ။ ဘာလို့ မလာသေးတာပါလိမ့်။ ကျွန်တော့်မျက် စိထဲမှာ တော့ မနေ့ညနေ ပိုင်း "ရွှေတြိဂံ"ကအထွက် စက်ဘီးပေါ်ခုန်တ က်ရင်း လျှာထုတ်ပြသွားတာကို မြင်ယောင်နေမိ သည် ။

"၁၉၈၅"စတိုင်လ် ကောင်မလေးတွေက သိပ်တော့မလွယ်လှ။ သမီး နှင့်ဦးခေတ်မို့ ဦးအရွယ် ကို သမီးတစ်ယောက်အနေနဲ့ စပြောင်သွားတာ လား။ အခုလောက်ဆို သူ့အိမ်က သူ့အိပ်ခန်းထဲမှာ သူ့သူငယ်ချင်းများ နဲ့ မေဆွိသီချင်းနားထောင်ရင်း လက်ဖက်ရည်ဆိုင်မှာ တစ်ယောက်တည်း ခပ်ငူ ငူထိုင်နေမယ့် ကျွန်တော့်အကြောင်းပြောကာ ဟားနေကြမှာ လား ။

"ဖူး"ခနဲ စီးကရက် မီးခိုးငွေ့တွေ မှုတ်ထုတ်လိုက်ရသည် ။ ဒီခေတ် က ကျွန်တော့်အသက် "၂၆"နှစ်ကိုပဲ "ဦး" လို့ ခေါ်နေကြသည် ။ စချင်ပြောင်ချင်နေကြသည် ။ သူငယ်ချင်းဆရာ၏ ကျူရှင် မှာ စတွေ့က တည်းက သူငယ်ချင်း၏ တပည့်မို့ ကိုယ်က ရှောင်သော်လည်း မရ၊ လမ်းတွေ့တော့ ဇွတ် ရောသည် ။ အအေးတိုက်ခိုင်းသည် ။ နောက်တော့ ၊ နောက်တော့. . .ဟိုသည် လိုက်ပို့ခိုင်းသည် ။ ကျွန်တော်လည်း ဘာသား နှင့်ထုထားသည် မို့ ခံနိုင်ပါမည်လဲ။ သူငယ်ချင်း ဆရာကိုတော့ ဒီရက်ပို င်း မျက်နှာချင်း မဆိုင်မိအောင်ရှောင်နေမိသည် ။ ဘာရယ်လို့ တော့မဟု တ်။

လက်ပတ်နာရီကို ငုံ့ကြည့်မိသည် ။ (၁၀)နာရီထိုးပြီ။ စိတ်မရှည်ချင် တော့။ ဘုရားကြီး သွား ပြီးအပြန်မှာ ရုပ်ရှင်ကြည့်ချင်သည် ဆိုတော့ သ ည် အချိန်ထက် နောက်ကျလို့ မကောင်းတော့။ ကောင်မလေးနှယ်

သေချာမှာ သွားပြီးတော့။ စီးကရက်တစ်လိပ် မီးထပ်ညှိသည် ။

ဟော. . .ကိုယ်တော်မက အခုမှ ရောက်လာပါကလား။ သူ့သူငယ်ချင်းဘီးနောက်က ခုန် ဆင်းပြီး ကျွန်တော့်ကို နဖူးဆလံသပြသည် ။ သူငယ်ချင်းကို ဘာပြောသည် မသိ။ သူငယ်ချင်းက ခေါင်းယမ်းပြသည် ။ ထို့နောက် သူငယ်ချင်းက ကျွန်တော့်ကိုလှမ်း၍ “သွားမယ်” ဟု ဆိုကာ နှုတ် ဆက်ပြီး စက်ဘီးစီးကာ ထွက်သွားသည် ။ ဥမ္မာက ကျွန်တော့်ဘေးကခုံကို ဆွဲယူထိုင်ပြီး-

“ဆောရီး ကိုရေ၊ အရမ်းနောက်ကျသွားတယ်။ အစ်ကို စောင့်မှ စောင့်ပါ့မလားလို့ တထိတ် ထိတ်နဲ့ လာရတာ ။ ဥမ္မာဖို့ သံပရာရည်တစ်ခွက်ပဲမှာ ပေး အစ်ကို။ သူငယ်ချင်းကလည်း အရေးကြီး ပါတယ်ဆိုမှ တော်တော်နဲ့ ပေါ်မလာဘူး။ ရှစ်နာရီခွဲ မှာ ထားတာ ကိုးနာရီကျော်မှ ပေါ်လာတယ်”

“ဥမ္မာကလည်း ကွာ ဘာလို့ စောင့်နေတာလဲ။ ကိုယ့်ဘာသာ ထွက်ခဲ့ပေါ့။ ဘာလဲ သူငယ် ချင်းပါမှ အိမ်ကလွှတ်မှာ မို့လား”

ဟု ကျွန်တော်က စိတ်မရှည်သံဖြင့် မေးမိသည် ။

“ဟာ. . .အစ်ကိုကလည်း လုပ်ပြီ။ အိမ်က ပိုင်ပါတယ်။ တစ်ယောက်တည်းလာရမှာ တော့ ဝေးတယ် အစ်ကိုရ။ ပြီးတော့ ဗောဓိကုန်းကဆို အမှတ်(၃)ကားပဲ စောင့်စီးပြီး ဘူတာဆင်းရမှာ ။ ပြီး တော့ ဒီဘက် ခြေကျင်လျှောက်ရဦးမှာ ။ ကားစောင့်ရတာ လည်း စိတ်မရှည်ပါဘူး အစ်ကိုရာ။ ဆိုက် ကားနဲ့ လာရင်တော့ မြန်မှာ ။ ဒါပေမဲ့ ဆိုက်ကားတော့ မစီးရဲဘူး။ ကြောက်တယ်”

ဟု ပခုံးလေးနှစ်ဖက်လုံး တွန့်ပြပြီး စားပွဲထိုးလေး လာချသော သံပရာရည်ခွက်ကို လှမ်းယူ ကာ ခေါင်းငုံ့ပြီး ပိုက်ကလေးအား အငမ်းမရစုပ်

နေ၏ ။

ကျွန်တော်က တိုသွားသောစီးကရက်ကို စားပွဲပေါ် ဖိခြေမီးငြိမ်းပြီး-

“ဥမ္မာကလည်း အိမ်မှာ စက်ဘီးမရှိဘူးလား။ ဘာလို့ သူများ စောင့်နေရမှာ လဲ။ ကိုယ့်ဘာ သာ ဘီးလေးစီးထွက်ခဲ့ ပြီးတဲ့ ဟာကို”

သံပရာရည်ပိုက်လေး ခေါင်းငုံ့စုပ်နေသော ဥမ္မာတစ်ယောက် ဖျတ်ခနဲခေါင်းထောင်ကြည့် သည် ။ ပခုံးပေါ်ထိလုထိခင် ဆံပင်လေးပင် ခါယမ်းသွား၏ ။

“ပြောတော့ လွယ်လိုက်တာ ကိုယ်တော်ရယ်။ ဥမ္မာမှ စက်ဘီး မစီးတတ်တဲ့ ဟာ”

ကျွန်တော် အံ့အားသင့်ကာ သူမကို ကြည့်မိသည် ။ သူမ ပါးအို့လေးတွေက တောင်ပေါ်သူမို့ “မန္တလေးနေ” မှာ ရဲရဲပွင့်လန်းနေ၏ ။

နောက်ပိုင်းမှာ တော့ စက်ဘီးမစီးတတ်သော ဥမ္မာနှင့် ကျွန်တော်တို့ ချိန်းဆိုမှုတိုင်းလိုလိုပင် လွဲချော်မှုတွေဖြစ်ကုန်တာ အကြိမ်ကြိမ်ဖြစ်သည် ။ လွဲချော်မှုတွေများ လာတော့ နှစ်ယောက်စလုံးက အရဲကိုးကာ သူမ အိမ်နှင့် မလှမ်းမကမ်းက ဒိုင်တော် ဓမ္မာရုံနားထိ ထွက်စောင့်ပြီး ကျွန်တော့်စက် ဘီးနောက်မှာ ခုန်တက်လိုက်သည် ။ ဤသို့ဖြင့်. . .

ဘာကြာတော့အံ့နည်း။

ကျွန်တော်တို့ ကိစ္စတွေ သူ့အိမ်ကသိကာ လားရှိုးက အဘိုးအဘွားအိမ်ပို့ လိုက်လေတော့ သည် ။

သည် ဇာတ်လမ်းက သိပ်တော့မဆန်း။

***

ပိုက်ဆံတွေ စစ်လိုက်တော့ စုစုပေါင်း ၃၁၀၀ ကျပ်။

ဒါကို မိန်းမက ရွှေလော့ကက်သီး ဝယ်ချင်သည် ပြော၏ ။ ကျွန်တော်ကတော့ တွက်ပြီး သား။ ဒီလို အရာမရောက်သည့် ပစ္စည်းတွေပဲ ပူဆာမယ်ဆိုတာ။ ဒါကြောင့် မိန်းမစကားကြားတော့ သိပ်မဆန်းသလိုပဲ ဖြစ်နေသည် ။

ကျွန်တော့်အတွေးက ဒီလိုမဟုတ်။ အခုလို မူးစု၊ ပဲစုနှင့် စုဘူးလေး ဖောက်လိုက်ပြီး စက်ဘီး လေးတစ်စီး ဝယ်ဖို့ ပဲ စိတ်ကူးထားသည် ။ အရေးအကြောင်းဆိုလျှင် အိမ်မှာ က စက်ဘီးတစ်စီးပဲ ရှိ သည် ။ မိသားစု သွားချင်လာချင်လျှင်ပင် ကလေးနှစ်ယောက်နှင့်မို့ စက်ဘီးတစ်စီးတည်း မဖြစ်။ စက်ဘီး တစ်စီးစီဆိုလျှင် လင်မယားနှစ်ယောက်၊ တစ်ယောက်စက်ဘီးတစ်စီးနှင့် ကလေးနှစ် ယောက်တစ်ယောက်စီတင်ကာ သွားလို့ လာလို့ ရသည် ။ အခုတော့ ဘယ်လိုမှ မဖြစ်။

သွားချင်လျှင် တစ်ယောက်ပဲသွား။ ဖြစ်နိုင်လျှင် ကလေးတစ်ယောက်ခေါ်သွား။ မိသားစု တစ်စုလုံးဆိုလျှင်ဖြင့် ဒုက္ခခံပြီး ဘတ်စ်ကား စီးချင်လျှင်စီး။ ခက်တာက မန္တလေးမှာ ဘတ်စ်ကားက တစ်နှစ်နေမှ တစ်ခါ မစီးဖူးတော့ ဘတ်စ်ကားနှင့် မရင်းနှီးလှ။ ဘယ်နံပါတ်က ဘယ်ရောက်မှန်းပင် မသိလှ။

အဲ. . .ငွေကြေးတတ်နိုင်လျှင်တော့ သုံးဘီးဌား၊ မြင်းလှည်းဌား။ ဘာပဲပြောပြော အလွယ် ကူဆုံး စရိတ်အကျဉ်းဆုံးက စက်ဘီးပဲဖြစ်သည် ။ အခုငွေနဲ့ ဆို နောက်ထပ်တစ်ထောင်လောက် ဖြည့်ပြီး တရုတ်ဘီးတစ်စီး ဝယ်လိုက်ရင် အဆင်ပြေပြီ။

သည် အစီအစဉ်ကို မိန်းမပြောပြတော့ သူက သဘောတူသည် ။ သဘောတူမှာ ပေါ့။ သူက စက်ဘီးနဲ့ ဆို ဘယ်သွားရ သွားရ၊ နောက်မတွန့်သူ၊ စက်ဘီးစီးရဲတင်းသူ။ သူ့အပြော စက်ဘီးစီး ကျွမ်းကျင်သူ။

“ကောင်းသားပဲ၊ စက်ဘီးနှစ်စီးဆိုတော့ မိသားစု သွားရလာရ အဆင်ပြေတာပေါ့။ နောက် နှစ် အငယ်မ ကျောင်းထားရင် နှစ်ယောက်စလုံး ကျောင်းပို့ကျောင်းကြိုလုပ်တော့ အိမ်မှာ စက်ဘီး တစ်စီး အပိုရှိမှ ဖြစ်မှာ ”

ဟု မိန်းမက ပြောသည် ။

ဒါဖြင့် နောက်ထပ်ငွေတစ်ထောင်လောက် ရှာပြီး တရုတ်ဘီးဝယ်ရအောင်ဟု ပြောတော့ မိန်း မက နေဦး၊ တရုတ်ဘီးက ခဏနဲ့ ကျသွားမှာ ၊ ဖီးဆင့်စပို့ဖြစ်ဖြစ်၊ မိကျောင်းဖြစ်ဖြစ် တစ်ပတ်ရစ် ကောင်းကောင်း ရှာကြည့်ပါလား၊ အဲဒါ ပိုကောင်းမှာ ပေါ့ဟု ပြောသည် ။ အင်း. . .ဒါကလည်း မဆိုး။ ဟိုနေ့က မိတ်ဆွေတစ်ယောက် သူ့သမီးဖို့ ဖီးဆင့်စပို့ ပစ္စည်းစုံနှင့် ဝယ်တာ(၉၁၀၀)ကျပ်တဲ့ ။ ခြင်း တွေ ဘာတွေညာတွေ မပါရင် (၇၀၀၀)ကျော်နဲ့ တောင် ရဆိုပဲ။ အဲ. . .တစ်ပတ်ရစ်ကို လေးငါး ထောင်နဲ့ ရရင် မဆိုးဘူးဟော့လို့ ပြောရင်း မိန်းမအား စုံစမ်းထားရန် နားစွင့်ထားရန် သတိပေးကာ ပိုက်ဆံထုပ်လေး သိမ်းခိုင်းရသည် ။

နောက်နေ့တွင် သံဂဟေဆိုင်လုပ်သော ညီတစ်ယောက် ရောက်လာပြီး စက်ဘီးကိစ္စပြော တော့-

“နေဦး၊ အစ်ကိုလေးရ။ ကျွန်တော်တို့ ဆိုင်ကို အဲလို တစ်ပတ်ရစ်မျိုး လာတတ်တယ်။ အခု သင်္ကြန်နီးလို့ အလုပ်ပါးနေတယ်။ သင်္ကြန်အပြီးမှာ မေးထားပေးမယ်။ ရတတ်ပါတယ် စောင့်ပါဦး”

ဟု ပြောသည် ။ မိန်းမကလည်း စက်ဘီးဆိုင်များ နှင့် နီးစပ်သော သူ့

ဦးလေးအားမှာ ထား သေးသည် ဟု ပြောပြသည် ။

မိမိတို့ စက်ဘီးအကြောင်းတွေ ပြောသံကြားတော့ သားကြီးက (B.M .X) ဝယ်ပေးပါဟု ပူ ဆာ၏ ။ သားကြီးကို ကြီးလာရင်လည်း စီးနိုင်အောင် စပို့ဘီး ဝယ်မှာ လို့ ချော့ထားရသည် ။ သည် ရက်ပိုင်းမှာ ဖြင့် ကျွန်တော်တို့ လင်မယားနှစ်ယောက်သည် စားလည်း စက်ဘီးအကြောင်း၊ အိပ် လည်း စက်ဘီးအကြောင်းပဲ ပြောမိကြသည် ။

ကိုယ်နှင့် မဆိုင်၍ တစ်ခါမှ ကိုင်မကြည့်ဖူးသည့် မန္တလေး ကုန်ဈေးနှုန်းသတင်းစာရွက်ကို ဝယ်ပြီး စက်ဘီးဈေးတွေ ဖတ်ကြည့်မိသည် ။

ဖီးဆင့် ဘောင်တုတ်ရောင်စုံ (၁၁၂၀၀)ကျပ်၊

ဟာ. . .ဒါတော့ ဘယ်လိုမှ လိုက်မမီဘူး၊ ထားတော့။

ဖီးဆင့်ညှပ် အစိမ်း(၁၁၂၀၀) ကျပ်၊ ဒါလည်း ထိုနည်းလည်းကောင်းပဲ။

ဖီးဆင့် စပုတ်နီညို (၉၀၀၀) ကျပ်၊ မှတ်တော့ထား။

ဖီးဆင့် စပုတ်အနက် (၉၀၀၀) ကျပ်၊ ထား။

မိကျောင်းနီညို ပြိုင်ဘီး ထိုင်ဝမ်တွေက (၁၀၂၀၀) ကျပ်နဲ့ (၁၃၀၀၀) ကျပ်တွေ၊ ကျော်ခဲ့။

ပြိုင်ဘီးမြင်းနက် (၇၀၀၀) တဲ့ ။ ပြိုင်ဘီးမြင်းနက်ဆိုတာ ဘယ်လိုပါလိမ့်။ (၇၀၀၀)ဆိုတော့ မ ဆိုးဘူး။ မေးတော့ ကြည့်ဦးမှ ။

ပြိုင်ဘီးဆိတ်ငါးကောင် (၉၅၀၀)တဲ့ ။ အဲဒါ ထားဦး။ ဆိတ်လက်ကိုင်ကောက် (၉၅၀၀)တဲ့ ။ ဒါလည်း မှတ်ထားမှ ။

အဲ. . .ဘာတဲ့ ၊ ပန်းခရမ်းမြင်းပါ၊ ပန်းကောက်မြင်းပါ၊

ပန်းကောက်မြင်းပါ (၂၆)၊ ပန်းကောက် မြင်းပါ (၂၄)၊ နိုင်လွန်တာယာ မ ,စီး။

အား. . .(၄၀၀၀) နဲ့ (၅၁၀၀) ကြားပဲ။ မဆိုးဘူး။

ဤသို့ဖြင့် လက်ဖက်ရည်ဆိုင်ထိုင်လည်း ဟိုစက်ဘီး လှမ်းကြည့်၊ လ မ်းသွားရင်လည်း ဟို လူ့ဘီး ကြည့်၊ သည် လူ့ဘီး ကြည့်။ (၂၆)ဘီလမ်း နာရီစင်နား ရောက်တော့လည်း ဟိုစက်ဘီးဆိုင် ငေး၊ သည် စက်ဘီးဆို င်ငေး။

ဒီလိုနဲ့ မကြာမီ ကျောင်းဖွင့်တော့မည်။ မှာ ထားသော၊ မေးထား သော ဖီးဆင့်တစ်ပတ်ရစ် တွေ၊ မိကျောင်း တစ်ပတ်ရစ်တွေက ဘယ်ဆီ မှန်းမသိ၊ ဒါတွေမျှော်လို့ တော့ မဖြစ်။

ကိုင်း. . .မထူးတော့တာမို့ တရုတ်ငှက်မြီးရှည် အသစ်ပဲ ဝယ်တော့မ ည်။ လိုသောငွေအ တွက် ရစရာလေးတွေ စဉ်းစားသည် ။ ချေးလို့ ရမည့် နေရာတွေတွေးထားသည် ။ သည် တော့. . . မိန်းမထံ သိမ်းခိုင်းထားသ ည့် ငွေထုပ်လေးတောင်းရတော့သည် ။

“ဘာရယ်၊ ဘာရယ် (၃၁၀၀) ဟုတ်လား။ ရှင် ပြန်စဉ်းစားဦးလေ။ ရေမီတာဖိုး (၃၆၀)ကို နောက်မှ ပြန်ထည့်မယ်ဆိုပြီး ယူတာရယ်၊ ရှင့်က လေးတွေ လွယ်အိတ်နဲ့ ကျူရှင်လခကလည်း ဒီထဲ က၊ ပြီးတော့ ကျုံးဆ ယ် လုပ်အားပေး လူငှားခလည်း သုံးခါစလုံး ဒီထဲကယူရတာ ၊ နောက်ပြီး စွယ် တော် အလှူကြေး။ ဘာတဲ့ ဟိုနေ့က ကိုယ့်အားကိုယ်ကိုးလမ်းအတွက်. . .”

မိန်းမစကား မဆုံးမီ လက်ကာပြပြီး-

“ဟိုး. . .ဟိုး. . .ကိုယ်မှားပါတယ်ကွာ၊ မေ့သွားလို့ ဟ။ အဲဒီ တော့ ဒီ

လိုလုပ်။ အခုကျန်တဲ့ ငွေထောင့်ခြောက်ရာထဲက တစ်ထောင်ကို ကိုဝင်းနိုင်ဆီအကြွေးဆပ်လိုက်ကွာ။ သူ့ဆီက ယူထား တာလည်း ကြာပြီ။ ပိုတဲ့ ခြောက်ရာ၊ မင်းနဲ့ ကလေးတွေ အဝတ်အစားသာ ကြည့်ဝယ်၊ ကလေးတွေ အတွက် ကျောင်းဝတ်စုံပဲဝယ်နော်။ မင်းက ဖိနပ် မရှိရင် ဖိနပ်ဝယ် ဒါပဲ”

မိန်းမက နှုတ်ခမ်းစူပြီး သူ့ပိုက်ဆံထုပ် ပြန်သိမ်းသွားသည် ။

ပြီးတော့ ပါးစပ်က ပွစိပွစိ ရွတ်နေ၏ ။

“ဒီကဖြင့် စက်ဘီးလေး စီးရမလား အောက်မေ့တယ်။ ဒီပုံစံဖြင့် တစ်သက်လုံး စက်ဘီးစီးရ မယ် မမြင်ပေါင်။ ကြာရင် စက်ဘီးတောင် စီးတတ်မှာ မဟုတ်ဘူး ” တဲ့ ။

ထိုနေ့က အမှတ်မထင်ဘဲ အမှတ် (၈)ကားဂိတ်မှာ ခင်ဆွေအေးနှင့်ပြန်တွေ့သည် ။ မိမိက မ မှတ်မိ။ သူက နာမည်ခေါ်နှုတ်ဆက်မှ မှတ်မိသည် ။ သူက အိမ်ထောင်ကျပြီး အဝေးရောက်နေ သည်ဟု ပြောသည် ။ အခု အလည်လာတာဆို၏ ။ မိမိကိုလည်း အိမ်ထောင်ကျတာ ကြာပြီလား မေး သည် ။ ကလေးနှစ်ယောက်ဟု လက်နှစ်ချောင်း ထောင်ပြသည် ။ “မသူဇာဝေ” နေကောင်းလားဟု မေးသည် ။ မိမိက မျက်မှောင်ကြုတ်ပြီး-

“ဟင်. . .သူတို့ က ညောင်ဦးမှာ လေ။ ငါ့ထက် အရင်စောပြီး အိမ်ထောင်ကျတာ”

ဟု ပြောတော့၊ ခင်ဆွေအေးက အံ့အားတသင့်ဖြင့်-

“ဟင်. . .ဒါဖြင့် နင်က သူဇာဝေနဲ့ ရတာ မဟုတ်ဘူး ပေါ့”

ဟု ဆို၏ ။

"ဟာ. . .မဟုတ်တာ။ သူဇာဝေကင့်အစ်မဂမ်းကွဲဟ။ တစ်ဂမ်းပဲကွဲတာ မိုးကြိုးပစ်လိမ့်မယ်"

ဟု ပြန်ပြောရသည် ။ ခင်ဆွေအေးမျက်နှာတွင် တစ်စုံတစ်ရာပြောင်းလဲသွားပြီး-

"ကျွတ်. . .သေလိုက်ပါတော့၊ နင် ပခုက္ကူသွားတုန်း ငါ့ဆီ စာနဲ့ မုန့်တွေလာပေးတာ သူဇာ ဝေ မဟုတ်လား။ ငါက အဲဒါ နင့်အိမ်က သဘောတူထားသူလို့ ထင်တာကိုးဟ။ နင်တို့ ကလည်း အ ပြင်မှာ တတွဲတွဲမို့ မြင်သူတိုင်းက ပြောကြတယ်လေ။ လူကြီးချင်း သဘောတူထားတာတဲ့ "

"သေလိုက်ပါတော့ဟယ်၊ နင်ကလည်း အဲဒီ တုန်းက ငါ့ကို ပွင့်ပွင့်လင်းလင်း မေးပါလားဟ။ အောင်မယ် သူများ သာ ပြောတာ၊ နင်ကရော နင်နဲ့ အတူတူ စက်ဘီးတစ်စီးစီ စီးပြီး၊ ကျူရှင်တက် တဲ့ သူကရော ဘာလဲ ။ ကဲ. . ."

ဟု ကျွန်တော်က ပြန်မေးတော့-

"ဘယ်လို. . .ဘယ်လို. . .စက်ဘီးတစ်စီးစီ စီးပြီး ဟုတ်လား။ သေနာ၊ စက်ဘီးတစ်စီးစီ စီး ရအောင် ငါက စက်ဘီးစီးတတ်လို့ လားဟ့။ သေချာ စဉ်းစားပြီးမှ စွပ်စွဲ။ အံ့ပါ့ပါဟယ် စက်ဘီး မစီး တတ်သူကို စက်ဘီးနဲ့ တွေ့တယ်ဆိုတော့. . ."

ခင်ဆွေအေးက ပြောရင်း ရယ်မောသည် ။

ကျွန်တော်ကတော့ ခင်ဆွေအေး စကားအဆုံးမှာ ဒေါသဖြစ်ပြီး လက်သီးနှင့် ပြေးထိုးချင် စိတ် ပေါက်လာသည် ။

ဥမ္မာနှင့် ကိစ္စကတည်းက မျက်နှာချင်း မဆိုင်ဖြစ်သော သူငယ်ချင်း ကျူရှင်ဆရာ၏ မျက်နှာ ကို စိတ်ကူးနှင့် ဆွဲ၍ ဆွဲ၍ ထိုးမိသည် ။ ဟုတ်

သည် ။ သည် ကောင်က ငယ်ငယ်ရွယ်ရွယ်နှင့် ကန်းကို ကန်းလွန်းသည် ။

ခင်ဆွေအေးကို လူတစ်ယောက်နှင့် ညနေတိုင်း စက်ဘီးတစ်စီးစီ စီးကာ ကျူရှင်သွားကြ သည် ဟု သူပြောခဲ့တာ မှတ်မိပါရဲ့ လား။

တောက်. . .

ပန်းဝေသီ၊ ၁၉၉၄၊ ဇူလိုင်

***